မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
October 3 , 2025 Volume 95, Number 3

၃. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၄.၅၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၅၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၈၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၄ ကျပ် |

## ၆ လပတ်အတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၂ သိန်းကျော် တင်ပို့ခဲ့




အခု၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမ ၆ လပတ်အတွင်း ပြည်ပကို ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁၂ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၈ သန်းဝန်းကျင် ရရှိ ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလကနေ စက်တင်ဘာလကုန်အထိ ဘဏ္ဍာနှစ် ပထမ ၆ လပတ်မှာဆန်နဲ့ဆန်ကွဲတန်ချိန် ၁၂ သိန်း တင်ပို့ဖို့ လျာထားခဲ့တာကြောင့် အခု ဘဏ္ဍာနှစ် ပထမ ၆ လပတ်မှာပြည်ပကို ဆန်နဲ့ဆန်ကွဲတင်ပို့မှုကလျာထားချက်အတိုင်းပြည့်မီအောင် တင်ပို့နိုင်ခဲ့တာပါ။

ဒုတိယ ၆ လပတ်မှာလည်း တစ်လကို ဆန်နဲ့ဆန်ကွဲတန်ချိန် ၃ သိန်းနှုန်းနဲ့ စုစုပေါင်း တန်ချိန် ၁၈ သိန်းတင်ပို့ဖို့ လျာထားပြီး ဘဏ္ဍာနှစ်တစ်နှစ်လုံးမှာ တန်ချိန် ၃ သန်း တင်ပို့ဖို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ပို့ကုန်ကုမ္ပဏီတွေ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။လက်ရှိမှာလည်း ဒေသတချို့မှာ ကောက်စောစပါးတွေ စတင်ထွက်ပေါ်နေပြီဖြစ်တာကြောင့် စပါးစိုက်တောင်သူတွေအတွက် သင့်တင့်မျှတတဲ့ဈေးနှုန်းတွေနဲ့ ဝယ်ယူဖို့ ဆောင်ရွက်နေသလိုဈေးကွက်ဝယ်လိုအားမြှင့်တင်နိုင်မဲ့နည်းလမ်းတွေကိုလည်း ဆန်စပါးအသင်းချုပ်က အထူးဦးစားပေးဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

နှစ်ဆန်းပိုင်းကစလို့ နိုင်ငံတကာဈေးကွက်မှာ ဆန်ဈေးနှုန်းတွေက ကျဆင်းနေတဲ့အတွက် ပြည်ပကိုတင်ပို့တဲ့ ဧည့်မထ၊ ငစိန် စပါးမျိုးတွေက အမျိုးအစားနဲ့ အရည်အသွေးပေါ် အခြေခံပြီး ဈေးနှုန်းကွာခြားမှု ရှိနိုင်တယ်လို့ သိရပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ဒါ့ကြောင့် ပြည်တွင်းပြည်ပဈေးကွက်က လိုအပ်တဲ့ စပါးမျိုးတွေကို ရွေးချယ်စိုက်ပျိုးတာ၊ ဆန်စက်တွေကို တိုက်ရိုက်တင်ပို့ရောင်းချတာ၊ စိုက်ကွင်းဝယ်လက်တွေ အကျိုးဆောင်တွေကို ရောင်းချတာထက် တောင်သူတွေစုပေါင်းပြီး ဆန်စက်တွေ ကုမ္ပဏီ တွေဆီ တိုက်ရိုက်တင်ပို့ရောင်းရင် ဈေးနှုန်းပိုမိုရရှိနိုင်မယ်လို့ အသင်းချုပ်က အကြံပြုထားပါတယ်။

ထို့ပြင် ဒေသအသီးသီးရှိ စပါးစိုက်တောင်သူတွေဟာ ဆန်စက်တွေ၊ ပြည်ပတင်ပို့တဲ့ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်၊ အာမခံဈေးနှုန်းစနစ်နဲ့ ပူးပေါင်းဆောင်ရွက်သင့်တယ်လို့လည်း အကြံပြုထားပါတယ်။ပူးပေါင်းဆောင်ရွက်ချင်တဲ့ တောင်သူတွေအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုအပ်ချက်ရှိတာ၊ လတ်တလော စိုက်ပျိုးထုတ်လုပ်ထားတဲ့ ဧည့်မထ၊ ငစိန်စပါးမျိုးတွေရောင်းချရာမှာ အခက်အခဲရှိတာ၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းမရရှိတာ စတဲ့အခက်အခဲတွေရှိရင် ဒေသအသီးသီးရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ဒေသကော်မတီ၊မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ညီနောင်အသင်းအဖွဲ့တွေကို ဆက်သွယ်ဆောင်ရွက်ကြဖို့ အသိပေးထားပါတယ်။

**Source:** https://onenewstvchannel.com/

## ပန်းတနော် ခတ္တိယကျေးရွာတွင် ဆင်းသုခ စပါးရိတ်သိမ်းထွက်ရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့တွင် စပါးစိုက်ပျိုးတောင်သူများအနေဖြင့် လက်ရှိမိုးစပါးရိတ်သိမ်းချိန် စပါးဈေးနှုန်းတည်ငြိမ်နေပြီး နွေစပါးစိုက်ပျိုးရေရရှိပါက လျာထား ကေထက်ပိုမို စိုက်ပျိုးလာနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ကသိရသည်။


ပန်းတနော်မြို့နယ်၊ ခတ္တိယကျေးရွာတွင် မိုးစပါးဈေးနှုန်းသည် လက်ရှိအနေထားတွင် သွင်းအားစုကုန်ကျစရိတ်များရှိသော်လည်းဒေသပေါက်ဈေး၊အနည်းကျဆင်းနေကြောင်း၊ လက်ရှိ စပါးပေါက်ဈေးမှာ မနောသုခ စပါးတင်း ၁၀၀ လျှင် ၉၅၀,၀၀၀ သိန်းဝန်ကျင်ရှိကြောင်း သိရသည်။

မိုးစပါးကိုတောင်သူများမှ ၁၄၁,၂၄၄ ကေစိုက်ပျိုးခဲ့ကြ၍ စပါးအထွက်နှုန်းအနေဖြင့် ပျမ်းမျှတစ်ကေ ၆၀ တင်း ဝန်းကျင်ထွက်ရှိခဲ့ကြောင်း၊ စိုက်ပျိုးရေရရှိပါက ယခုနှစ်နွေစပါးကိုလျာထား ကေထက်ပိုမိုစိုက်ပျိုးလာနိုင်ကြောင်းသိရသည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## ဂျုံသီးနှံအတွက် ချေးငွေထုတ်ပေးမည်ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြေညာ



နိုင်ငံတော်ရဲ့ ဂျုံသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိတာကြောင့် ချေးငွေထုတ်ပေးမဲ့ အစီအစဉ်ကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က အသိပေး ကြေညာလာပါတယ်။

ဂျုံသီးနှံစိုက်ပျိုးတဲ့ တောင်သူဦးကြီးတွေထံ ၂၀၂၅ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေမှ စတင်ပြီး သီးနှံချေးငွေတွေကို ထုတ်ပေးသွားဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

ဂျုံသီးနှံချေးငွေကို တစ်ကေချေးငွေအဖြစ် ငွေကျပ် ၁၅၀,၀၀၀ နှုန်းသတ်မှတ်ထားပြီး တစ်နှစ်ကို အတိုးနှုန်း ၅ ရာခိုင်နှုန်းနဲ့ သက်ဆိုင်ရာ ခရိုင်နဲ့မြို့နယ်ဘဏ်ခွဲတွေကတစ်ဆင့် ထုတ်ချေးပေးသွားမယ်လို့ သိရပါတယ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နိုင်ငံတစ်ဝှန်းလုံးက တောင်သူလယ်သမားတွေထံ စိုက်ပျိုးစရိတ်ချေးငွေတွေကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါတယ်။

တောင်သူတွေကလည်း သီးနှံပေါ်ချိန်မှာ ချေးငွေတွေပြန်လည်ပေးဆပ်ခြင်းနဲ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နဲ့ တောင်သူတွေအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ချေးရာမှာ စပါးသီးနှံအပါအဝင် သီးနှံ ၂၃ မျိုးကို မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိတယ်လို့ သိရပါတယ်။

ယခုထုတ်ချေးပေးမဲ့ ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေတွေ အချိန်မီ ရရှိနိုင်ရေးအတွက် တောင်သူလယ်သမားတွေအနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲတွေနဲ့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြဖို့လည်း အသိပေး အကြောင်းကြားထားပါတယ်။

**Source : BETV Business**

## ပဲခူးတိုင်းဒေသကြီးတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးတက်



အခုနှစ် စက်တင်ဘာလက ပဲခူးတိုင်းဒေသကြီးကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ သန်းကျော်နဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၄၅၀၀ လောက် တိုးတက်ဝင်ရောက်ခဲ့တယ်လို့ အောက်တိုဘာ ၁ ရက်က ပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်း အဝေးကနေ သိရပါတယ်။

အခုလို ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဝင်ရောက်ခဲ့တဲ့အတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၄၅ ယောက်အတွက် ဖန်တီးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ပြည်တွင်း/ပြည်ပအကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး လုပ်ငန်းအမျိုးအစား(၇)ခုရှိပြီး စက်မှုကဏ္ဍတိုးတက်မှုတွေနဲ့အတူ လျှပ်စစ်စွမ်းအင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ လယ်ယာကဏ္ဍတွေမှာလည်း ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ကြဖို့ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် လယ်ယာကဏ္ဍအတွက်လိုအပ်တဲ့ ဓာတ်မြေဩဇာသွင်းအားစုကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံအောင် ချိတ်ဆက်ဆောင်ရွက်ကြဖို့နဲ့ စက်ရုံတွေ တစ်ပိုင်တစ်နိုင် ဆိုလာတပ်ဆင်သုံးစွဲနိုင်ရေးတွေကိုလည်း လုပ်ဆောင်ရမယ်လို့ ဆိုပါတယ်။

စက်မှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အန္တရာယ်ရှိနိုင်တဲ့ စွန့်ပစ်ပစ္စည်းတွေကို သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့ သတ်မှတ်နည်းလမ်းအတိုင်း ဖျက်ဆီးစွန့်ပစ်ကြဖို့နဲ့ ပဲခူး၊ သနပ်ပင်၊ ကဝနဲ့ ဝေါမြို့နယ် အတွင်း ရေထွက်ကုန်ပစ္စည်းတွေကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ဖို့ အအေးခန်း စက်ရုံတွေ၊ စည်သွပ်ဘူး စက်ရုံတွေ လာရောက်ဖို့ကိုလည်း ဖိတ်ခေါ်ဆောင်ရွက်ရမယ်လို့ ပြောပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်ကစပြီး လက်ရှိအချိန်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၁၂ သန်းကျော်၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း နှစ်သိန်းကျော် ဝင်ရောက်ထားပြီး အလုပ်အကိုင်အခွင့်အလမ်း တစ်သောင်း လေးထောင်ကျော်အတွက် ဖန်တီးပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## တရုတ်နိုင်ငံ လျှပ်စစ်ကားထုတ်လုပ်သည့် Xpeng ကုမ္ပဏီသည် အစ္စရေးနိုင်ငံတွင် မြန်နှုန်းမြင့် အားသွင်းကွန်ရက် စတင်မိတ်ဆက်

တရုတ်နိုင်ငံ ၊ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော Xpeng ကုမ္ပဏီသည် စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြန်နှုန်းမြင့်အားသွင်းကွန်ရက်ကို စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ရက်ကို အဓိကမြို့တော် Rishon LeZion တွင် အစ္စရေးနိုင်ငံမှ Xpeng တရားဝင်ကားတင်သွင်းသူနှင့်အတူ မိတ်ဆက်ခဲ့ပြီး Xpeng မှ ဥက္ကဋ္ဌ He Xiaopeng နှင့် အစ္စရေးနိုင်ငံ စွမ်းအင်ဦးစီးဌာနမှ ဝန်ကြီး Eli Cohen တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်နှုန်းမြင့်ကွန်ရက်များကို တရုတ်နိုင်ငံ လျှပ်စစ်တည်ဆောက်ရေး ထိပ်သီးကုမ္ပဏီဖြစ်သည့် Star Charge မှ ထုတ်လုပ်သော စွမ်းအင်မြင့်အားသွင်းစက်များဖြင့် တပ်ဆင်ထား ကြောင်း သိရသည်။

အဆိုပါ အားသွင်းရုံများတွင် စွမ်းအင်လိုသလိုအသုံးပြုနိုင်သော အဆင့်မြင့် နည်းပညာများကို အသုံးပြုထားပြီး မော်တော်ယာဉ်လိုအပ်ချက်များနှင့် အားသွင်းနိုင်စွမ်းကြား တိကျသောချိန်ညှိမှုများကိုပါ ပြုလုပ်နိုင်ကြောင်း သိရသည်။

အဆိုပါ အားသွင်းရုံများတွင် လျှပ်စစ်ကားအားလုံးဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပြီး အားသွင်းရာတွင်လည်း ဘက်ထရီ၏ ၁၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိသွင်းရန် မိနစ် ၂၀ အောက်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရ သည်။

Xpeng ကုမ္ပဏီသည် လက်ရှိတွင် အစ္စရေးနိုင်ငံ၌ mid-size SUVs ကားများဖြစ်သော G6 နှင့် G9 မော်ဒယ်များနှင့် Sedan P7 မော်ဒယ်များကို စတင်မိတ်ဆက်ရန် ကမ်းလှမ်းနေကြောင်း သိရသည်။

ဇန်နဝါရီလမှ ဩဂုတ်လအတွင်းတွင် Xpeng ကုမ္ပဏီသည် အစ္စရေးနိုင်ငံ လျှပ်စစ်ကားရောင်းချမှုအဆင့်တွင် ဒုတိယအဆင့်သို့ ရောက်ရှိနေပြီး ကားပေါင်း ၅၀၇၆ စီးခန့် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

**Source: DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘောဒီးယားသည် လျှပ်စစ်နှင့် စွမ်းအင်ရရှိရေးတွင် ရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်အခြေစိုက် စွမ်းအင်ကုမ္ပဏီကို ဆွဲဆောင်



ကမ္ဘောဒီးယားနိုင်ငံသည် ဟောင်ကောင်အခြေစိုက်ထိပ်တန်းစွမ်းအင်ကုမ္ပဏီ CLP Holdings Limited သည် နိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှာဖွေရန်အတွက် ဆွဲဆောင်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ ဒုတိယဥက္ကဋ္ဌ (၁) Chanthol သည် ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ကာ ပြုလုပ်သည့် အဆင့်မြင့်အစည်းအဝေးအပြီးတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့သည် CLP Holdings Limited ၏ Chief Strategy Officer David Simmonds နှင့် တွေ့ဆုံခဲ့ပြီး အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအတွင်း Chanthol က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ရည်မှန်းချက်ဖြစ်သော ကမ္ဘောဒီးယားတော်ဝင်အစိုးရ၏ မဟာဗျူဟာရည်မှန်းချက်များ ကို ၂၀၃၀ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်အထိ မြှင့်တင်သွားရန် ရည်မှန်းထားသည်။

ကမ္ဘောဒီးယားအစိုးရသည် CLP Holdings Limited ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် စူးစမ်းရှာဖွေရာတွင် အပြည့်အဝ ကျောထောက်နောက်ခံပေးမည်ဟု အာမခံခဲ့သည်။

David Simmonds သည် CLP Holdings ၏ နောက်ခံအချက်အလက်များကို ပြောကြားခဲ့ပြီး ကုမ္ပဏီသည် ဟောင်ကောင်တွင် ၁၉၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၂၅ နှစ်ကျော်သက်တမ်းရှိပြီဖြစ်ကြောင်း၊ CLP သည် စားသုံးသူများ၏လိုအပ်ချက်များနှင့်အညီ အခွင့်အလမ်းသစ်များကိုဆုပ်ကိုင်နိုင်ရန်နှင့်ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကိုလက်ခံရန်ကမ္ဘာလုံးဆိုင်ရာအာရုံစိုက်နေချိန်တွင် အာရှ-ပစိဖိတ်ဒေသတစ်ဝှန်း လျှပ်စစ်နှင့်စွမ်းအင်ထောက်ပံ့မှုတွင် တက်ကြွစွာ ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (3.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Oct 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,666 (Shares) | 31,229,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +100 | +1.27% | 7,900 | 8,000 | 7,900 | 402 | 3,205,800 | 33,109,694 | 264,878 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 1,151 | 3,885,350 | 38,929,150 | 130,413 |
| MCB | 00003 | 7,900 | -500 | -5.95% | 7,900 | 7,900 | 7,900 | 1 | 7,900 | 10,400,986 | 82,168 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,650 | 2,650 | 2,600 | 4,569 | 11,957,400 | 29,664,613 | 77,128 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 335 | 938,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 2,091 | 4,052,450 | 19,977,223 | 38,956 |
| AMATA | 00007 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 150 | 495,000 | 10,497,598 | 34,642 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1,967 | 6,687,800 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.99 | -1.69 | -0.43% | 397.28 | 397.28 | 393.24 | 10,666 | 31,229,700 | 8 | 745,027 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 3rd Oct. 2025

| Trading Volume | Trading Value |
|---|---|
| 10,768 (Shares) | 31,504,000 (MMK) |

## Main Board

As of 1:00 pm, 3rd Oct. 2025

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 10,666 (Shares) | 31,229,700 (MMK) |

| MYANPIX | 394.99 ▼ 1.69 |
|---|---|
| Total Volume (shares) | 10,666 |
| Total Value (MMK) | 31 mil |
| Listed Company | 8 |
| Market Cap. (MMK) | 745,027 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 7,900 | ▼ 500 |
| FPB | 00004 | 2,600 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 3,300 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |